
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 3972-3981)
စာစဉ် – ၂၀၀

သိုင်းပါရဂူ
အပိုင်း ( ၃၉၇၂ )
*

" အား.. "

ထိုအချိန်တွင် ချင်းချန် ရပ်လိုက်ပြီး နာကျင်စွာအော်ဟစ်လိုက်ရ၏။

အဘယ့်ကြောင့်ဆိုသော် သူ၏ခန္ဓာကိုယ်မှ နဂါးအကြေးခွံများက လုံးဝကို ကွဲအက်သွားပြီး ကွာ၍ပင်ကျလာကာ သွေးများစီးထွက်လာသောကြောင့် ဖြစ်သည်။

ဤနေရာရှိ ဗရမ်းဗတာမူလအရင်းအမြစ် ချီစွမ်းအားက အလွန်ပင် ကြောက်စရာကောင်းပြီး ချင်းချန်လိုလူမျိုးပင် ဆက်လက်ထိန်းချုပ်ထားရန် ခက်ခဲနေပြီဖြစ်၏။ ကြာပန်းစိမ်းမီးတောက်ကြောင့်သာမဟုတ်လျှင် ယခုအချိန်၌ ချင်းချန်၏ ခန္ဓာကိုယ်တစ်ခုလုံးက တစ်စစီပေါက်ကွဲသွားမည် ဖြစ်သည်။

" ဘာ... "

ထိုမြင်ကွင်းက ကျန်ကမ္ဘာမြေနတ်ဘုရားအဆင့် ကျင့်ကြံသူများကို အံ့အားသင့်သွားစေသည်။

ချင်းချန်က ဤနေရာ၏ ဗရမ်းဗတာချီများကို မည်မျှပင် ထိန်းချုပ်နိုင်စွမ်း

ရှိသည်ဆိုတာကို သူတို့အားလုံး သိရှိကြ၏။ ယခုထိုနဂါးမျိုးနွယ်ကောင်ပင် တွန်းလှန်ရန်ခက်ခဲနေလျှင် ထိုနေရာရှိ ဗရမ်းဗတာမူလချီများက မည်မျှ ကြောက်စရာကောင်းလဲဆိုတာကို ခန့်မှန်းနိုင်သည်။

" မဟုတ်ဘူး "

ချင်းချန် သူ၏တစ်ကိုယ်လုံး ကွဲကြေမလို ခံစားနေရ၏။ သူသာအထဲသို့ ဝင်သွားလျှင် ခန္ဓာကိုယ်အပိုင်းပိုင်းအစစ ကွဲကြေသွားပြီး သုတ်သင်ခံရမည် ဟူသော ခံစားချက်ကိုပင် ခံစားနေရသည်။

ထို့အပြင် ချင်းချန်၏စိတ်ထဲ၌ ကြီးမားသော အန္တရာယ်အငွေ့အသက်များ ကိုလည်း ထိုတွင်းနက်ကြီးထံမှ ခံစားနေရသည်။

ထိုတွင်းနက်ကြီးထဲတွင် အလွန်ပင်ကြောက်စရာကောင်းသော အရာတစ် ခုရှိသကဲ့သို့ သူဝင်ရောက်သွားသည်နှင့် တစ်ကိုယ်လုံး ဝါးမြိုခံရမည်ဟု ထင်နေမိသည်။

" ဝင်လို့မရဘူး ငါဝင်လို့မရဘူး "

ထိုစကားက ချင်းချန်၏စိတ်ဝိညာဥ်ပင်လယ်ထဲတွင် ပဲ့တင်ထပ်နေ၏။

ဤအရာက ချင်းချန်၏ ပင်ကိုယ်မသိစိတ်ဖြစ်သည်။

ချင်းချန် သူ၏မသိစိတ်အာရုံကို အလွန်ပင်ယုံကြည်သည်။ ယခင်တုန်းက လဲ သူ၏မသိစိတ်အာရုံက သူ့ကိုအကြိမ်ပေါင်းမြောက်များစွာ ကယ်တင် ခဲ့၏။ ယခုဤတွင်းနက်ကြီးကို ဝင်ရောက်ရန် ပြုလုပ်နေသည့် အချိန်တွင် လည်း ယခုကဲ့သို့ သတိပေးလာသဖြင့် ချင်းချန်နောက်ဆုတ်ရန် တုံ့ဆိုင်း လာသည်။

ဤအရာက သူယခုအချိန်တွင် ရှင်သန်နေရသော အချက်ဖြစ်၏။ ထို မသိစိတ်ကိုသာ မယုံကြည်ခဲ့လျှင် သူကောင်းကင်ဘုံ၌ မရေတွက်နိုင်အောင်

သေဆုံးသွားပေလိမ့်မည်ဖြစ်သည်။

ချင်းချန်နောက်ပြန်ဆုတ်ရန် စဥ်းစားလိုက်သည့်အချိန်တွင် ထိုတွင်းနက်ကြီးထဲ၌ ပုံရိပ်သဏ္ဍာန်တစ်ခု ယောင်ဝါးဝါး ထွက်ပေါ်လာ၏။

ထိုပုံရိပ်က အလွန်ပင်ကျက်သရေရှိသော အသွင်အပြင်လေးဖြစ်၏။ သူမ၏မျက်နှာကို ရှင်းရှင်းလင်းလင်း မမြင်ရသော်လည်း သူမတည်ရှိသည့်ပုံက နက်မှောင်နေသော ချောက်နက်ထဲတွင် ပွင့်လန်းနေသော လှပသည့်ကြာပန်းတစ်ပွင့်နှင့် တူညီသည်။

သူမ၏ခန္ဓာကိုယ်မှလည်း ချင်းချန်ကို အလွန်ပင် ရင်းနှီးစေသော ခံစားချက်အား ပေးစွမ်းနေသည်။

" စီစီ "

ချင်းချန် စိတ်လှုပ်ရှားသွား၏။

ဤပုံရိပ်က နတ်ဘုရားအသင်္ချေရတနာနယ်မြေထဲသို့ သူမဝင်ခင် မြင်ခဲ့သော နတ်ဆိုးမိန်းကလေးပုံစံနှင့် အတူတူပင်ဖြစ်သည်။

ချင်းချန် သူမ၏မျက်နှာကို မမြင်ခဲ့ရသော်လည်း အဝေးမှနေ၍ အလွန်ပင်ရင်းနှီးသော ခံစားချက်ကိုတော့ ခံစားခဲ့ရသည်။

သူမ၏ခန္ဓာကိုယ်မှ ထုတ်ဖော်နေသော ဆန်းကြယ်သည့် အရှိန်အဝါက ချင်းချန်ကို ယစ်မူးစေ၏။

" စီစီ "

ချင်းချန်၏မျက်လုံးမှ နတ်အလင်းတန်းများ တောက်ပလာပြီး သေချာအထဲကို စူးစိုက်ကြည့်လိုက်လျှင် ဗရမ်းဗတာချီများ ဝန်းရံနေသည့် ချောမောလှပသော အမျိုးသမီးတစ်ယောက်၏ ခန္ဓာကိုယ်အချိုးအစားကို တွေ့လိုက်ရသည်။

သူမ၏ရုပ်ရည်ကိုတော့ သူလုံးဝမြင်နိုင်ခြင်းမရှိပေ။ သို့သော် ထိုသို့ကြည့်လေ ပို၍ရင်းနှီးလေ ခံစားရပြီး ဝိညာဥ်နှစ်ခုက ပွဲတင်ထပ်နေသည်ဟု သူ၏စိတ်ထဲတွင် ထင်မြင်မိနေ၏။

သို့သော် ထိုမိန်းမ၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသော အရိုန်အဝါကတော့ ကမ္ဘာဦးရှေးခေတ်က အရိုန်အဝါတစ်မျိုးဖြစ်ပြီး ကောင်းကင်ကိုပင် တုန်ခါနေစေသည်။

ထိုအမျိုးသမီးလေးက တွင်းနက်ကြီးထဲသို့ မတ်တပ်ထကာ ဝင်ရောက်သွား၏။

သူမ၏နောက်ကျောကို ချင်းချန်ကြည့်နေရသည်က အလွန်ပင်လှကာ ကမ္ဘာပေါ်ရှိအလှတရားများ ပေါင်းစပ်ကာ ထုတ်လုပ်ထားသည်နှင့်ပင် တူညီ၏။

ချို့ယွင်းချက်တစ်ခုလေးကိုပင် သူရှာတွေ့ခြင်းမရှိချေ။

သူမ၏အဝတ်အစားများက လေထုထဲတွင် တဖြပ်ဖြပ်ခပ်နေပြီး အထဲသို့ နတ်ဆိုးအရိုန်အဝါများနှင့်အတူ ဝင်ရောက်သွားခြင်းက တကယ်ကို ကဗျာဆန်လှပြီး တုနှိုင်းမရသော ချို့ယွင်းချက်မရှိ ပေါင်းစပ်မှုဖြစ်သည်။

ထိုအချိန်တွင် ထိုအမျိုးသမီးက ခေါင်းလေးကိုတစ်ခြမ်းစောင်းပြီး အနောက်သို့လှည့်ကြည့်သည့်ပုံစံ ပြုလုပ်လာ၏။

ချင်းချန်သည် သူ၏နတ်မျက်စိကို အစွမ်းကုန်ဖွင့်ပြီး တစ်ခြမ်းစောင်း မျက်နှာလေးကို မြင်နိုင်ရန် ကြိုးစားလိုက်၏။ သို့သော် သူမည်မျှပင် ကြိုးစားပါစေ သူမ၏မျက်နှာကို ဖုံးအုပ်ထားသောစွမ်းအားအား မကျော်ဖြတ်နိုင်ချေ။

ထို့နောက်သူမက အနက်ရောင်တွင်းနက်ထဲသို့ ဝင်ရောက်ကာ ပျောက်

ကွယ်သွားတော့သည်။

" စီစီ မင်းမဟုတ်လား "

ချင်းချန်၏ခန္ဓာကိုယ်က တုန်ခါနေပြီး မျက်ရည်များ ကျဆင်းလာ၏။

ယခုအချိန်တွင်တော့ ချင်းချန်သာမက မိုလီ၊ နတ်ဆိုးသခင်ယွမ်ဟွမ်နှင့် မိုင်ရှစ်ထောင်အကွာအဝေးတွင်ရှိနေသော ကမ္ဘာမြေနတ်ဘုရားအထွတ်ထိပ်အဆင့် ကျင့်ကြံသူများအကုန်လုံး ထိုအမျိုးသမီးကို မြင်လိုက်ရ၏။

အနက်ရောင်ကြယ်ထဲတွင် အမျိုးသမီးတစ်ယောက် ရှိနေသည်လား။

သူတို့အားလုံးရှေ့တွင် ဤအမျိုးသမီးက အနက်ရောင်ကြယ်ထဲသို့ မည်ကဲ့သို့ဝင်သွားသနည်း။

ကြယ်သခင်ဝမ်ယုကလဲ အံ့အားသင့်နေ၏။

" သူမလား "

နတ်ဆိုးအရှင်သခင်ယွမ်ဟွမ်၏ မျက်လုံးများက ကျဥ်းမြောင်းသွားသည်။

" တကယ်ကို သူမဖြစ်ပုံပဲ "

နတ်ဆိုးသခင်ယွမ်ဟွမ် တုန်လှုပ်သွားသည်။ သူ၏ဘေးနားတွင်ရှိနေသော ထိပ်တန်းတော်ဝင် နတ်ဆိုးမျိုးနွယ်မှဖြစ်သည့် သေခြင်းနတ်ဆိုးကလန်၊ ကောင်းကင်နတ်ဆိုးကလန်မှ လူများအားလုံးကလည်း တုန်လှုပ်သွားကြ၏။

ထိုအမျိုးသမီးကို သူတို့မှတ်မိသည်။ ၎င်းက နတ်ဆိုးလောက၏ တွင်းနက်ကြီးထဲမှ ထွက်လာသော မိန်းကလေးနှင့် အရမ်းတူညီ၏။

ထိုပုံရိပ်က လူတိုင်းတစ်ခဏလေးသာ မြင်လိုက်ရပြီး တစ်ခါမှမပေါ်လာခဲ့ဖူးသလို လူတိုင်း၏မျက်စိရှေ့၌ ပြန်လည်ပျောက်ကွယ်သွားသည်။

ထိုအချိန်တွင် အနက်ရောင်တွင်းနက်ကြီးက တဖြည်းဖြည်း အရှိန်အဝါများ လျော့ကျလာပြီး တဖြည်းဖြည်းကျုံ့သွားကာ လျင်မြန်စွာ ပျောက်ကွယ်တော့မည်ဖြစ်၏။

ချင်းချန်သာ ယခုအချိန်တွင်မဝင်လျှင် နောက်ထပ်အခွင့်အရေး ရတော့မည်မဟုတ်ပေ။

" စီစီ "

ချင်းချန် သူ၏သွားများကိုအံကြိတ်ကာ မျက်လုံးထဲ၌ ဆုံးဖြတ်ချက်ပြတ်သားမှုများ ထွက်ပေါ်လာသည်။

" အုန်း "

ချင်းချန်၏ ခန္ဓာကိုယ်မှ ကြာပန်းစိမ်းမီးတောက်၏ စွမ်းအားက အစွမ်းကုန်အသက်ဝင်လာခဲ့ပြီး အနက်ရောင်တွင်းနက်ကြီးထဲသို့ ချင်းချန် ပြေးဝင်တော့၏။

ချက်ချင်းပင် အနက်ရောင်တွင်းနက်ကြီးက ချင်းချန်၏ ပုံရိပ်ကိုဝါးမြိုပြီး ချင်းချန် ကိုယ်တိုင်လည်း ပျောက်ကွယ်သွားသည်။

" ချီးပဲ ဒီတွင်းနက်က ပျောက်ကွယ်တော့မယ် "

ချင်းချန်၏ အနောက်မှလိုက်လာသော မိုလီက အံကြိတ်လိုက်၏။

" ကောင်းပြီ မြန်မြန်ဝင်တော့ "

" ဒီတွင်းနက်သာ ပျောက်ကွယ်သွားရင် မင်းအနက်ရောင်ကြယ်ထဲကို ဝင်ဖို့အတွက် အများကြီး အားထုတ်နေရလိမ့်မယ် "

" လာစမ်း "

မိုလီ ဟိန်းဟောက်လိုက်ပြီး သူ၏မျက်လုံးမှ အနက်ရောင်ချီများ ပေါက်ကွဲထွက်လာခဲ့ကာ ခန္ဓာကိုယ်ထဲရှိ နတ်ဆိုးဂူကောင်၏ စွမ်းအားက

လည်း အသက်ဝင်လာခဲ့သည်။

ထိုအချိန်တွင် ကမ္ဘာဦးနတ်ဆိုးဘိုးဘေးက သူ၏ဗရမ်းဗတာ မူလနတ်ဆိုးစွမ်းအားကို မိုလီ၏ ခန္ဓာကိုယ်အား ဝန်းရံစေလိုက်ပြီး ကာကွယ်ပေး၏။

မိုလီတိုက်ရိုက်ပင် ရှူးသွပ်စွာဖြင့် အနက်ရောင်တွင်းနက်ကြီးသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားသည်။

ထိုအချိန်တွင် အနက်ရောင်တွင်းနက်ကြီးက အုန်းကနဲ ပိတ်သွားခဲ့ပြီး ထွက်ပေါ်လာသော စွမ်းအားလှိုင်းလုံးက ကြယ်သခင်ဝမ်ယုနှင့် တာအိုနတ်ဘုရားကျောင်းရီတို့ကို ရိုက်ခတ်ကာ သူတို့နှစ်ယောက်လုံး သွေးအန်ထွက်၍ အနောက်သို့ ခြေလှမ်းပေါင်းမြောက်များစွာ ဆုတ်လိုက်ရ၏။

နှစ်ယောက်လုံး၏ မျက်နှာတွင် ဒေါသများထွက်နေသည်။

ကံဆိုးစွာဖြင့်သူတို့ အနက်ရောင်တွင်းနက်ကြီး မပိတ်ခင် အလျင်အမြန်ဝင်ရောက်နိုင်ခဲ့ခြင်း မရှိပေ။

အနက်ရောင်တွင်းနက်ကြီးထဲသို့ ဝင်ရောက်သွားသည်နှင့် ချင်းချန်က ပြင်းထန်သော စွမ်းအားတစ်ခုကို ခံစားလိုက်ရပြီး သူ၏အသိစိတ်က ပြန်လည်၍ ကောင်းမွန်လာသည့်အချိန်တွင် ကြီးမားသော ကမ္ဘာကြီးတစ်ခုကို မြင်လိုက်ရ၏။

ကြည့်ရတာ သူကတစ်ခြားကမ္ဘာသို့ အပို့ခံလိုက်ရပုံပင်။

ဤနေရာတွင် မည်သည့်သက်ရှိအရှိန်အဝါမှ မရှိချေ။

ဤနေရာတစ်ခုလုံးက ဗရမ်းဗတာမူလအရင်းအမြစ်ချီများဖြင့် သိပ်သည်းနေသည်။

" ဘယ်ကိုသွားရမလဲ "

ချင်းချန် သူအဆုံးမဲ့သော နေရာအလွတ်ကြီးကိုကြည့်ပြီး ဘိုးဘေးနဂါး

အား မေးလိုက်၏။

ဘိုးဘေးနဂါးလည်း မျက်မှောင်ကြုတ်နေသည်။

" ဗရမ်းဗတာအရင်းအမြစ်ချီစွမ်းအား အများဆုံးရှိတဲ့နေရာကိုသာ မင်း ဦးတည်သွားလိုက်၊ ဒီနေရာကို ငါမရောက်ဖူးပေမဲ့ ခန့်မှန်းရရင်တော့ ဗရမ်း ဗတာမူလအရင်းအမြစ်ကျောက်တုံးက ဒီနေရာမှာရှိမှာ ကျိန်းသေတယ် "

ဘိုးဘေးနဂါး၏စကားကြောင့် ချင်းချန်က ဤကမ္ဘာအတွင်းရှိ ဗရမ်းဗ တာချီ သိပ်သည်းသောနေရာသို့ ဦးတည်ကာ ဖြည်းညှင်းစွာ လျှောက်သွား လိုက်၏။

ချင်းချန်မည်မျှ လျှောက်သွားနေသည်မသိ နောက်ဆုံးတွင် တောက်ပသော ငွေရောင်အလင်းတန်းများကို တွေ့လိုက်ရသည်။

ထို့နောက်ချင်းချန် သူ၏ရှေ့မှမြင်ကွင်းကြောင့် တုန်လှုပ်သွား၏။

အဘယ့်ကြောင့်ဆိုသော် ဗရမ်းဗတာမြစ်ကြီးက ကောင်းကင်ထက်မှ ရေတံခွန်လို ဤကမ္ဘာထဲသို့ စီးဆင်းနေသောကြောင့်ဖြစ်သည်။

ထိုဗရမ်းဗတာမြစ်ကြီးက ကောင်းကင်၏ မည်သည့်နေရာမှ ကျဆင်း နေသည်ကို မသိသလို သူ၏အဆုံးသတ်ကလည်း မြင်ရခြင်းမရှိပေ။

၎င်းကဤကမ္ဘာကြီးထဲတွင် ရှည်လျားစွာ စီးဆင်းနေ၏။

" ဒါက ဘယ်နေရာလဲ "

ချင်းချန် သူ၏အရှေ့မှ ဗရမ်းဗတာမြစ်ကြီးကိုကြည့်ပြီး တုန်လှုပ်သွား သည်။ ဤနေရာတွင် ယခုလိုမျိုး ကမ္ဘာတစ်ခုရှိနေမည်ဟု သူလုံးဝ မ ထင်မှတ်ထားချေ။

စီစီရော ဘယ်ရောက်သွားလဲဆိုတာ သူမသိဘူးဖြစ်၏။

" ငါလဲမသိဘူး "

ဘိုးဘေးနဂါးက ခေါင်းခါယမ်းလိုက်ပြီး သူ၏အရှေ့မှ ဗရမ်းဗတာမြစ်ကြီးကိုကြည့်ကာ ပဟေဠိများဖြစ်နေသည်။

" ငါဒီနေရာကို တစ်ခါမှမရောက်ဖူးပေမဲ့ ဗရမ်းဗတာမြစ်က ဒီကမ္ဘာထဲကို စီးဝင်နေတယ်ဆိုတော့ ဖြစ်နိုင်ချေအရှိဆုံးက ဗရမ်းဗတာမူလအရင်းအမြစ်ကျောက်တုံးက ဒီနေရာကိုရောက်နေလို့ပဲ၊ မင်းဆက်ရှာကြည့် သေချာပေါက်ကျိန်းသေ မင်းသူ့ကိုတွေ့လိမ်မယ် "

ဘိုးဘေးနဂါးက မသေချာမရေရာဘဲပြော၏။

" ဆက်ရှာဖို့ ဘယ်ကိုဆက်သွားရမလဲ "

ချင်းချန် ဗရမ်းဗတာမြစ်ကြီးကိုကြည့်ပြီး သူမည်သည့်နေရာသို့ သွားရမည်မသိ ဖြစ်နေသည်။

ဤကမ္ဘာကြီးက ကျယ်ပြောလှပြီး သူ၏အရှေ့တွင်ရှိနေသော မြစ်ကလည်း အဆုံးမဲ့သောကြောင့် မည်သည့်နေရာကို ဦးတည်ရမှန်းမသိချေ။

" အုန်း "

ထိုအချိန်တွင် ဗရမ်းဗတာမြစ်မှရေများက ဝုန်းကနဲပေါက်ကွဲထွက်လာခဲ့ပြီး ရွှေရောင်များတောက်ပနေသော အကောင်ကြီးတစ်ကောင် ခုန်ထွက်လာ၏။

" နေမင်းလိပ်ဘုရင် "

နေမင်းလိပ်ဘုရင်ကို မြင်လိုက်ရသောအခါ ချင်းချန် အံ့အားသင့်သွားသည်။

ဤနေရာတွင် နေမင်းလိပ်ဘုရင်နှင့်တွေ့မည်ဟု မမျှော်လင့်ထားပေ။

၎င်းက အနက်ရောင်ကြယ်ထဲသို့ ဝင်ရောက်သွားကတည်းက တိုက်ရိုက်ပျောက်ကွယ်သွားခြင်းဖြစ်သည်။

ချင်းချန် ဤနေမင်းလိပ်ဘုရင်က အနက်ရောင်ကြယ်၏ တစ်နေရာရာတွင်ရှိမည်ဟု ထင်ထားသော်လည်း ယခုတော့ သူ၏အရှေ့တွင် ပြန်လည်ထွက်ပေါ်လာ၏။

နေမင်းလိပ်ဘုရင်က ဗရမ်းဗတာမြစ်ထဲတွင် ပျော်ရွှင်စွာဖြင့် ကူးခတ်နေပြီး နေရာတစ်ခုဆီသို့ ဦးတည်သွားနေသည်။

" သူ့အနောက်ကိုလိုက် "

ဘိုးဘေးနဂါးက စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်၏။

***